UNITED LEAGUE OF ARAKAN

ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်

ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်
GENERAL HEADQUARTERS

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း (၃) ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၇) ရက်

# ဘူးသီးတောင်၊ မောင်တော ဒေသ၏ မြေပြင်ပကတိအခြေအနေနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက်

RSO ၊ ARSA ၊ ARA အစရှိသော မူဆလင်လက်နက်ကိုင်အဖွဲ့အစည်းများ၊ စစ်ကောင်စီသင်တန်းဆင်းပြီး လက်နက်တပ်ဆင်ပေးထားသော မူဆလင်လက်နက်ကိုင်တပ်ဖွဲ့ဝင်များအပြင် အစ္စလာမ်မစ် အစွန်းရောက် အကြမ်းဖက်သမား အုပ်စုငယ်အချို့နှင့် ပြန်ပေးဆွဲ၊ လူသတ်၊ ခိုးဆိုး၊ လုယက်နေကြသော မူဆလင် ရာဇဝတ် လူဆိုးဂိုဏ်း အချို့တို့သည် အာရက္ခဒေသ၏ ဘူးသီးတောင်၊ မောင်တောမြို့များနှင့် ဘင်္ဂလားဒေ့ရှ်-မြန်မာ နယ်စပ် များအနီး၌ ဖြန့်ကြက်လှုပ်ရှားလျက်ရှိသည်။ အစောပိုင်းကာလများ၌ ၎င်းတို့သည် စစ်ကောင်စီတပ်စခန်းအနီး၌ လှုပ်ရှားခဲ့ရာမှ ယခုနောက်ပိုင်းတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များနှင့်အတူ ပူးတွဲ၍နေထိုင်ကြသည်။

စစ်ကောင်စီမှ စစ်မှုထမ်းဥပဒေအား ပြဋ္ဌာန်းပြီးသည့်အချိန်နှင့် အာရက္ခတပ်တော်မှ ဘူးသီးတောင်မြို့အား အလုံးစုံသိမ်းပိုက်ပြီးသည့်အချိန်၌ စစ်ကောင်စီသင်တန်းဆင်း လက်နက်ကိုင်မူဆလင်များသည် ဘူးသီးတောင် နှင့် မောင်တောမြို့နယ်ရှိ နေရာအချို့တို့တွင် လူသတ်ခြင်း၊ လုယက်ခြင်း၊ ဓါးပြတိုက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ငွေညှစ်ခြင်း၊ မြို့၊ ရွာများအတွင်းရှိ လူနေအိမ်၊ အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ မီးတိုက်ခြင်း၊ တံတားများကို မိုင်းခွဲဖျက်ဆီးခြင်း၊ လက်နက်များဖြင့် ခြိမ်းခြောက်ခြင်း၊ ချောင်းမြောင်းပစ်ခတ်ခြင်း၊ မိုင်းထောင်ခြင်းတို့ကို စစ်ကောင်စီနှင့်အတူ ပူးပေါင်း၍လည်းကောင်း၊ ၎င်းတို့ တစ်ဖွဲ့ချင်းအလိုက်သော်လည်းကောင်း အတင့်ရဲစွာ ခပ်စိပ်စိပ် ပြုလုပ်လာခဲ့ကြသည်။

အထူးသဖြင့် စစ်ကောင်စီထိန်းချုပ်ထားသော နေရာတို့တွင် လူမျိုးရေး၊ ဘာသာရေး အမုန်းတရားများ ဖြစ်ပေါ်အောင် ပြောဆိုလှုံ့ဆော်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စာကပ်ခြင်းတို့ကိုလည်း လုပ်ဆောင်လျက် ရှိကြသည်။ ထို့အပြင် ULA/AA တွင် တာဝန်ထမ်းဆောင်နေကြသော ရဲဝန်ထမ်း၊ အုပ်ချုပ်ရေးမှူး ပြည်သူ့ဝန်ထမ်း မူဆလင်အချို့ကို လုပ်ကြံသတ်ဖြတ်ခြင်း၊ ဘင်္ဂလားဒေ့ရှ်-မြန်မာ နယ်စပ်၌ နယ်စပ်ကင်းလှည့်လည် လုံခြုံရေးယူ နေကြသော မိမိတို့ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်ခြင်း၊ ဘင်္ဂလားဒေ့ရှ်-မြန်မာ နယ်စပ်ရှိ နယ်စပ်ခြံစည်းရိုးများကို ဖျက်ဆီးခြင်း၊ နယ်စပ်တစ်လျှောက်၌ရှိသော မိမိတို့ တပ်စခန်းအချို့အား လက်နက်ငယ်များဖြင့် ရံဖန်ရံခါ အဝေးမှပစ်ခတ်တိုက်ခိုက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ထို့အပြင် စစ်ကောင်စီသည် မောင်တော၊ ဘူးသီးတောင်၊ စစ်တွေ၊ ကျောက်ဖြူ ဒေသများမှ မူဆလင် များအား လူသစ်စုဆောင်းပြီး အကြမ်းဖက်သင်တန်းများပေးခြင်း၊ RSO ၊ ARSA ၊ ARA အဖွဲ့များမှလည်း ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းများမှ မူဆလင်များအား လူသစ်စုဆောင်းပြီး အကြမ်းဖက်စစ်သင်တန်းများ ပေးခြင်းတို့ကိုပါ ဆက်တိုက်ပြုလုပ်လျက်ရှိသည်။ စစ်ကောင်စီသည် ၎င်းတို့သင်တန်းပေးထားသော မူဆလင်များကို တိုက်ပွဲများအတွင်း အသုံးပြုသည်သာမက အကြမ်းဖက်သည့်လုပ်ရပ်များကို ပိုမိုလုပ်ဆောင်နိုင်ရန်အတွက်ပါ အသုံးပြုလျက်ရှိသည်။ ဘူးသီးတောင်၊ မောင်တော တိုက်ပွဲများအတွင်း စခန်းစွန့်ထွက်ပြေး လွတ်မြောက်နေ

ကြသော စစ်ကောင်စီတပ်ဖွဲ့ဝင်များနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များကို စစ်ကောင်စီမှ လက်သပ်မွေးထားသော မူဆလင်များမှ ၎င်းတို့ပိုင်ဆိုင်သော စက်လှေများဖြင့် ဘင်္ဂလားဒေ့ရှ်ဘက်အခြမ်းသို့ ပို့ဆောင်ခြင်း၊ လက်နက်ခဲယမ်း၊ ရိက္ခာ၊ စစ်အင်အားများ ပို့ဆောင်ခြင်း၊ ၎င်းတို့၏ စစ်ဆင်ရေးများတွင်အသုံးပြုခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။

အာရက္ခတပ်တော်သည် ဘူးသီးတောင်မြို့ရှိ စစ်ကောင်စီ၏ တပ်စခန်းများအားလုံးကို တစ်ခုမကျန် သိမ်းပိုက်ထားပြီးဖြစ်သော်လည်း မောင်တောမြို့တွင်မူ နယ်ခြားစောင့် အမှတ် (၅) စခန်း နှင့် ခံစစ်အထပ်ထပ်ဖြင့် ခုခံနေသော မောင်တောမြို့တွင်း စခန်းများဟူ၍ စစ်စခန်း နှစ်ခုမျှသာကျန်ရှိတော့သည်။ စစ်ကောင်စီသည် မောင်တောမြို့ခံများကို မြို့ထဲမှ ထွက်ခွာခွင့်မပြုဘဲ လူသားဒိုင်းကာအဖြစ်ပြုလုပ်ထားပြီး မြို့တွင်းရှိ လူနေအိမ်များကို အခိုင်အမာ ခံစစ်စခန်းများအဖြစ်ပြုလုပ်၍ ခုခံစစ်ဆင်နွှဲရန် ပြင်ဆင်ထားလျက်ရှိသည်။ တစ်ပြိုင်နက်တည်းတွင် စစ်ကောင်စီသည် အကြမ်းဖက် မူဆလင်အဖွဲ့များနှင့်အတူ ပူးပေါင်း၍ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ကြရန် အားပေးအားမြှောက်ပြုလျက်ရှိသည်။ ဤသည်မှာ စစ်ကောင်စီသည် အာရက္ခဒေသအတွင်း လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများ ဖြစ်ပွားလာစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် တမင်တကာလုပ်ဆောင်နေခြင်းပင် ဖြစ်သည်။

စစ်ကောင်စီမှ စစ်သင်တန်းပေးလေ့ကျင့်ပြီး လက်နက်တပ်ဆင်ပေးထားသော ဘာသာရေးအစွန်းရောက် မူဆလင်များနှင့် စစ်ကောင်စီ၏ အားပေးကူညီ ထောက်ပံ့မြှောက်ပင့်ထားသော အစ္စလာမ် အစွန်းရောက်များသည် မည်သည့်အကြမ်းဖက်မှုမျိုးကိုမဆို ကျူးလွန်ခွင့် လိုင်စင်ရထားသည့်သကဲ့သို့ အကြမ်းဖက်မှုများကို ဆက်တိုက် ကျူးလွန်လျက်ရှိကြသည်။ ဤကဲ့သို့သော အကြမ်းဖက်ခြင်းခံရသော အဖြစ်အပျက်များသည် မောင်တောမြို့နှင့် အနီးတစ်ဝိုက်နေရာများတွင် အဓိကဖြစ်ပျက်လျက် ရှိကြသည်။

အထူးသဖြင့် မူဆလင်မဟုတ်သော လူနည်းစု မျိုးနွယ်စုများဖြစ်ကြသည့် ခမီ၊ မြို၊ ဟိန္ဒူ လူမျိုးများသာမက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လိုကြသော မူဆလင်များပါ အဆိုပါ ဘာသာရေးအစွန်းရောက်မူဆလင်များ၏ အသက်အန္တရာယ်ခြိမ်းခြောက်ခံရမှုနှင့် အကြမ်းဖက်သတ်ဖြတ်မှု အန္တရာယ်များကို ပိုမိုရင်ဆိုင်လာရသည်။ ထို့အပြင် အဆိုပါနေရာများ၌ လူနည်းစုအုပ်စုများကို ဆက်လက်နေထိုင်၍မရအောင်ပြုလုပ်ခြင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းတို့ကို အကြမ်းဖက်မူဆလင်အုပ်စုများမှ ပိုမိုပြုလုပ်လာကြသည်။ တစ်ပြိုင်နက်တည်းတွင် ဘာသာရေးအစွန်းရောက် မူဆလင်များသည် မူဆလင်မဟုတ်သောသူများ နှင့် ဘာသာခြား (လူမျိုးခြား) များကို စျေးမရောင်းချရန်၊ မဆက်ဆံကြရန်၊ ဖယ်ကြဉ်ထားကြရန် တို့ကိုလည်း ဆက်တိုက်လုပ်ဆောင်လျက်ရှိသည်။

မူဆလင်အကြမ်းဖက်သမားအုပ်စုများ၊ စစ်ကောင်စီသင်တန်းဆင်း လက်နက်ကိုင်မူဆလင်များနှင့် မူဆလင်ရာဇဝတ်လူဆိုးဂိုဏ်းအချို့၏ အကြမ်းဖက်အန္တရာယ်သည် ယခုအချိန်တွင် ဘူးသီးတောင်၊ မောင်တော ဒေသရှိ လူနည်းစုသော မျိုးနွယ်စုများအပြင် ၎င်းဒေသနေ ဒေသခံပြည်သူလူထုတစ်ရပ်လုံး၏ အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ကို နေ့စဉ်နှင့်အမျှ ခြိမ်းခြောက်လျက်ရှိနေပါသည်။ ဤသည်မှာ စစ်ကောင်စီသည် ULA/AA နှင့် အာရက္ခပြည်သူတစ်ရပ်လုံးတို့အား လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး ထောင်ချောက်များထဲသို့ သက်ဆင်းသွားစေရန်အတွက် ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်နေသည်ဟု ရှုမြင်သုံးသပ်မိပါသည်။

ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ်/အာရက္ခတပ်တော် (ULA/AA) အနေဖြင့် အာရက္ခဒေသနေ ပြည်သူ တစ်ရပ်လုံး၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးအဝဝကို အပြည့်အဝ ကာကွယ်ပေးနိုင်ရန်အတွက် ဒေသခံပြည်သူလူထုများနှင့် ပူးပေါင်းပြီး ထိရောက်သော လုံခြုံရေးဆိုင်ရာ ကာကွယ်မှုမျိုးကို တုံ့ပြန်လုပ်ဆောင် သွားမည်ဖြစ်သည်။ ထို့အပြင် မောင်တောဒေသအတွင်းရှိ စစ်ကောင်စီ၏ လက်ကျန်စခန်းနေရာများအားလုံးကို အပြီးသတ်သိမ်းပိုက်ရန် ဆက်လက်ထိုးစစ်ဆင် တိုက်ခိုက်သွားမည်ဖြစ်သည့်အပြင် ဘာသာရေး၊ လူမျိုးရေး အကြမ်းဖက်ဝါဒများ ခေါင်းမထောင်လာနိုင်ရန်အတွက်လည်း အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့တိုင်းကို ချေမှုန်းတိုက်ခိုက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ်